မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

March 3 , 2025 Volume 88, Number 1


၃.၃.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၈၂.၆၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၅.၃၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၄၃.၀၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၀၄.၆၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၉၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၀၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၃.၇၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၀.၂၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၂၇ ကျပ် |

Source: CBM Rate, etrademyanmar.com


CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀

ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ပို့ကုန် ပဲစင်းငုံ၊ မတ်ပဲ၊ ပဲတီစိမ်းနှင့်အသစ်ဝင်ပဲများ ဈေးကျဆင်းနေ



မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ပို့ကုန်ပဲစင်းငုံ၊ မတ်ပဲ၊ ပဲတီစိမ်းနှင့် အသစ်ဝင်ပဲများ ဈေးကျဆင်းနေကြောင်း ပဲ၊နှမ်းကုန်သည်များထံက သိရသည်။အသစ်ဝင်ပဲများမှာ လှောင်လက်သမားများ အဝယ်နည်းနေသောကြောင့် ဈေးကျဆင်းပြီး အဝယ်အေးနေခြင်းဖြစ်ကြောင်း ကုန်သည်များက သုံးသပ်ထားသည်။

ပဲစင်းငုံဈေးကွက်မှာ ယခင်အပတ်က ဈေးမြင့်တက်လာပြီး ယခုသီတင်းပတ်တွင် ဈေးအနည်းငယ်ကျဆင်းသွားကြောင်း၊ကုလားပဲသစ်များနှင့်ပဲမာလိုင်းများမှာ အသစ်ဝင်ရောက်မှုရှိလာသော်လည်း လက်လီဈေးကွက်အတွက်သာ ပဲခွဲစက်များ အဝယ်ရှိနေကြောင်း၊ ယခုနှစ်ပဲသစ်ရာသီမှာ အသစ်ဝင်ပဲများအပေါ် လှောင်လက်သမားများ အဝယ်အေးနေသောကြောင့် လက်ရှိမှာဈေးကျဆင်းမှုရှိနေခြင်းဖြစ်ကြောင်း ပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

“ဒီနှစ်ပဲသစ်ရာသီမှာ လှောင်လက်သိပ်မရှိလို့ ပြည်တွင်းသုံးကုလားပဲနဲ့ပဲမာလိုင်းတွေ အသစ်ဝင်ပဲတွေ ဈေးကျဆင်းနေပါတယ်။ အသစ်ဝင် ကုလားပဲတွေကိုလည်း ပဲခွဲစက်သမားတွေက လက်လီအဝယ်ရှိသလောက်သာ ဝယ်ယူကြိတ်ခွဲနေတာမျိုးပါ။ ပဲလှောင်လက်ကြီးသမားတွေ အဝယ်မရှိတာမျိုးပါ။ ပို့ကုန်ပဲစင်းငုံတစ်မျိုးပဲ အဝယ်သွက်နေတာပါ။ ဒေါ်လာဈေးအတက်အကျအတိုင်းခပ်သွက်သွက်ရောင်းဝယ်နေပါတယ်။ အသစ်ဝင်ပဲတွေကို လှောင်လက်သမားတွေအဝယ်ကောင်းလာမှသာဈေးကောင်းလာနိုင်ပါတယ်”ဟု ၎င်းက ပြော သည်။

ဖေဖော်ဝါရီ ၂၇ ရက်တွင် ပို့ကုန်မတ်ပဲ(အသစ်)တစ်အိတ်လျှင် ငွေကျပ် ၂၇၇,၀၀၀၊ ပဲစင်းငုံမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၈၂,၀၀၀ ခန့် ပေါက်ဈေး ရှိနေသည်။ ပဲတီစိမ်း(အညာ) တစ်အိတ်လျှင် ငွေကျပ် ၂၆၅,၀၀၀ ပေါက်ဈေးရှိနေသည်။

အသစ်ဝင်ပဲမာလိုင်းများမှာ ပဲလွန်းဖြူပိဿာ ၆၀ တစ်အိတ် လျှင် ငွေကျပ် ၂၄၀,၀၀၀၊ ပဲလွန်းပြာ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၀၅,၀၀၀၊ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၂၆၅,၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၃၂၀,၀၀၀၊ စားတော်ပဲ(ကနေဒါ) တစ်အိတ်

လျှင် ငွေကျပ် ၃၂၀,၀၀၀၊ ကျွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၂၀,၀၀၀၊ မြေပဲလုံးဆန်တစ်ပိဿာလျှင် ငွေကျပ် ၉၅၀၀ ပေါက်ဈေးအဖြစ် ဈေးမြင့်တက်လာသည်။ မန္တလေးဈေးကွက်တွင် ပြောင်းဖူး(ဗမာ) ၅၄ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၈၃,၀၀၀၊ ပြောင်းဖူး(ရှမ်း) ၅၄ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၈၅,၀၀၀၊ ပြောင်းဖူး(ဃဏ) ၅၄ ပိဿာ တစ်အိတ် လျှင် ငွေကျပ် ၈၄,၅၀၀၊ အထွက်တိုးပြောင်း(နီ) ၅၃ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၈၃,၀၀၀ အသီးသီး ပေါက်ဈေးရှိနေသည်။

နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာ တစ်အိတ်လျှင် ၄၁၀,၀၀၀၊ နှမ်းဖြူ (ဗမာ) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၃၆၀,၀၀၀၊ နှမ်းညို ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၃၀၀,၀၀၀၊ ဆောင်းနှမ်းနက် ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၅၄၅,၀၀၀ ထိ ပေါက်ဈေး ရှိနေသည်။

**Source : မကွေးဂျာနယ်**

## မုံရွာမြို့ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသော ဆီထွက်သီးနှံဈေးနှုန်းများ ယခင်လကုန်နှင့်ယခုလကုန်နှိုင်းယှဉ်မှုအခြေအနေ

ဖေဖော်ဝါရီလကုန်တွင် မုံရွာမြို့ကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသည့် ဆီထွက်သီးနှံများ၏ ဈေးကွက် အခြေအနေမှာ နှမ်းဖြူ၊ နှမ်းနက်မြင့်တက်နေပြီး နှမ်းညို၊မြေပဲလုံးဆန်နီ ၊ မြေပဲလုံးဆန်ဖြူနှင့် ဆီဆန် ဈေးနှုန်းများ ကျဆင်းနေကြောင်းသိရသည်။

ဖေဖော်ဝါရီလကုန်တွင် နှမ်းညို တစ်တင်း ၉၈,၀၀၀ကျပ်၊ နှမ်းနက် တစ်တင်း ၂၀၀,၀၀၀- ၂၃၂,၀၀၀ကျပ်၊ နှမ်းဖြူ တစ်တင်း ၁၁၀,၀၀၀-၁၁၅,၀၀၀ ကျပ်ဖြစ်ကာ ယခင်လကုန်ကာလတူ ပေါက်ဈေးနှုန်းမှာ နှမ်းညို တစ်တင်း ၁၀၃,၀၀၀ကျပ်၊ နှမ်းဖြူတစ်တင်း ၁၀၃,၀၀၀ ကျပ်၊ နှမ်းနက်တစ်တင်း ၂၀၀,၀၀၀- ၂၂၅,၀၀၀ကျပ်၊နှမ်းဖြူ တစ်တင်း ၁၁၀,၀၀၀-၁၂၀,၀၀၀ ကျပ်ရှိ၍ ယခုလကုန်နှင့် ယခင်လကုန်ကာလတူ နှိုင်းယှဉ်ပါက နှမ်းညို တစ်တင်း ၅၀၀၀ ကျပ်ခန့်ကျဆင်းနေပြီး နှမ်းဖြူ တစ်တင်း ၁၂,၀၀၀ကျပ်၊ နှမ်းနက် တစ်တင်း ၇၀၀၀ ကျပ် ခန့်မြင့်တက်နေကြောင်း သိရသည်။

ဖေဖော်ဝါရီလကုန်တွင် မြေပဲလုံးဆန်ပေါက်ဈေးနှုန်းနှင့် ဆီဈေးနှုန်းများမှာ မြေပဲလုံးဆန်နီ တစ်ပိဿာ ၈၂၀၀ ကျပ်၊ မြေပဲလုံးဆန်ဖြူ တစ်ပိဿာ ၈၆၅၀ကျပ်၊ မြေပဲဆီဆန်ဖြူ တစ်ပိဿာ ၈၀၀၀ ကျပ်ရှိပြီး ယခင်လကုန် ကာလတူ ပေါက်ဈေးနှုန်းမှာ မြေပဲလုံးဆန်နီ တစ်ပိဿာ ၈၈၀၀ကျပ်၊ မြေပဲလုံးဆန်ဖြူတစ်ပိဿာ ၉၀၀၀- ၉၁၀၀ကျပ်၊ မြေပဲဆီဆန်ဖြူ တစ်ပိဿာ ၈၆၀၀ ကျပ် ကာလတူအချိန်နှင့် နှိုင်းယှဉ်ပါကမြေပဲလုံးဆန်နီ တစ်ပိဿာ ၆၀၀ကျပ်၊ မြေပဲလုံးဆန်ဖြူ တစ်ပိဿာ ၃၅၀ ကျပ်ခန့်၊ မြေပဲဆီဆန်ဖြူ တစ်ပိဿာ ၈၆၀၀ ကျပ် ခန့် ကျဆင်း နေကြောင်းသိရသည်။

ယခုတစ်ပတ်အတွင်း ပဲဆီ တစ်ပိဿာ ၁၅,၀၀၀ ကျပ်၊ နှမ်းဆီ တစ်ပိဿာ ၁၄,၀၀၀ကျပ်ဖြစ်ပြီး ပဲဖတ် တစ်ပိဿာ ၅၆၂၅ ကျပ်၊ နှမ်းဖတ် တစ်ပိဿာ ၄၂၀၀ ကျပ်၊ နေကြာဖတ် တစ်ပိဿာ ၃၄၀၀ ကျပ်ဖြင့် ရောင်းဝယ်နေကြောင်း သိရသည်။

Source : https://myantrade.gov.mm/

## ယခုဘဏ္ဍာနှစ်အတွင်း ပနားမီး ရေငန်ပုစွန်တန်ချိန်ပေါင်း ၅၉၄၆ ဒသမ ၁၈၇ တန် တင်ပို့နိုင်ခဲ့



မြန်မာနိုင်ငံမှ ပနားမီးရေငန်ပုစွန်များကို ပြည်ပသို့ နှစ်စဉ်တင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ်တွင် တန်ချိန်ပေါင်း (၅၉၄၆ ဒသမ ၁၈၇)တန် တင်ပို့နိုင်ခဲ့ပြီဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်က သိရသည်။

ရေငန်ပုစွန်များကို ပြည်ပသို့တင်ပို့ရာတွင် တရုတ်နိုင်ငံသို့ ပြုတ်၍လည်းကောင်း ဂျပန်နိုင်ငံသို့အေးခဲ၍ တင်ပို့လျက်ရှိကြောင်း၊ ပြည်ပသို့လက်ရှိထက် ပိုမိုတင်ပို့နိုင်ရန် ပင်လယ်ပြင်တွင် ဖမ်းဆီးမှုထက် တိုးချဲ့မွေးမြူရေးကို ဆောင်ရွက်လိုကြကြောင်းလည်း သိရသည်။

ထို့ပြင် ရေငန်ပုစွန်မွေးမြူမှုအတွက် ပုစွန်သားပေါက်နှင့်အစာအား ထိုင်းနိုင်ငံမှ နှစ်စဉ်ဝယ်ယူနေရပြီး တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်၊ ကျွန်းစုမြို့နယ်၊ ပုလောမြို့နယ်နှင့်ကော့သောင်းမြို့နယ်တို့တွင် ပနားမီးပုစွန်ဖြူများကို (၂၂ ၁၇ ဒသမ ၅၆)

ကေ၌ မွေးမြူထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

အလားတူ သရက်ချောင်း၊ မြိတ်၊ ပုလော၊ ကျွန်းစုမြို့နယ်၊ ဘုတ်ပြင်းမြို့နယ်၊ ကော့သောင်းမြို့နယ်တို့တွင် ခွင့်ပြုမိန့်ဖြင့် တိုးချဲ့ ၂၆၆၂ ဒသမ ၆၈ ဧကနှင့် ကျွန်းစုမြို့နယ်တွင် ၃၉၀ ဒသမ ၁၂ ဧက မွေးမြူကြောင်း သိရသည်။

ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် မိုးရာသီရေငန်ပုစွန်မွေးမြူရာတွင် ရေငန်နှုန်းကျဆင်းခြင်းကြောင့် ပုစွန်ကြီးထွားနှုန်း ကျဆင်းခြင်း၊ ရောဂါပိုးဝင်ခြင်းများဖြစ်ခဲ့သည့်အတွက်မွေးမြူရေးလုပ်ငန်းရှင်များ အနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မိုးရာသီကာလတွင် ပုစွန်လျှော့မွေးပြီး နွေရာသီ၌ ပိုပြီးမွေးမြူထုတ်လုပ်ရန် ဆောင်ရွက်နေကြကြောင်း သိရသည်။

Source : https://www.popularmyanmar.com/

## တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ငါးလုပ်ငန်းစခန်း ၂၅ ခုမှ ဈေးကွက်ဝင်ရေချို ငါးသားပေါက်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမည်



တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ငါးလုပ်ငန်းစခန်း ၂၅ ခုမှ ဈေးကွက်ဝင်ရေချိုငါးသားပေါက်များကို သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနက သိရသည်။

ငါးမွေးမြူသူများသည် ဧပြီလမှစ၍ ငါးသားပေါက်များ ပြန်လည် ထည့်သွင်းမွေးမြူကြမည်ဖြစ်သဖြင့် ကျန်းမာသန်စွမ်းပြီး ကြီးထွားနှုန်းကောင်းမွန်သည့် ငါးသားပေါက်များကို ထည့်သွင်းမွေးမြူ၍ ဝင်ငွေတိုးတက်ရရှိစေရန် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ငါးလုပ်ငန်းစခန်း ၂၅ ခုမှ ငါးမြစ်ချင်း ၊ ရွှေဝါငါးကြင်း၊ငါးခုံးမကြီး၊ ငါးခေါင်းပွ၊ ငါးကြင်းဖြူ၊ ငါးတန်၊ ရေချိုငါးမုတ် စသည့်ဈေးကွက်ဝင်ရေချိုငါးသားပေါက်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမည်ဖြစ် သည်။

ဝယ်ယူလိုသူများအနေဖြင့် နေပြည်တော်ရေဆင်းငါးလုပ်ငန်းစခန်း ၀၉-၇၉ ၁၀၉၅၀၆၀၊ ရန်ကုန်လှော်ကားငါးလုပ်ငန်းစခန်း ၀၉-၇၈၃၇၈၈၁၆၃၊ လေးဒေါင့်ကန် ငါးလုပ်ငန်းစခန်း ၀၉-၄၂၈၅၀၆၂၀၀၊ ပဲခူး ငါးလုပ်ငန်းစခန်း ၀၉-၄၂၅၃၀၀၅၆၈၊ မန္တလေး သရက်ကုန်းငါးလုပ်ငန်းစခန်း ၀၉- ၄၅၆၀၀၃၀၂၇၊ သထုံငါးလုပ်ငန်းစခန်း ၀၉-၇၉၃၄၅၅၀၀၈၊ ပုသိမ်ငါးလုပ်ငန်း စခန်း ၀၉-၇၈၇၉၈၀၆၀၆ နှင့် မအူပင်တလုပ်လှငါးလုပ်ငန်းစခန်း၀၉-၇၈၁၅-၉၂၀၀၃တို့သို့ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်မည်ဖြစ်သည်။

ထို့ပြင် စိတ်ပါဝင်စားသောငါးမွေးမြူသူများ၊လုပ်ငန်းရှင်များအနေဖြင့် ငါးလုပ်ငန်းဦးစီးဌာနမှ ဖွင့်လှစ်လျက်ရှိသည့် အခြေခံငါးမွေးမြူရေးနှင့်ငါးဆေးထိုးသားဖောက်သင်တန်းများကို တက်ရောက်နိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနရုံးများ၊ ငါးလုပ်ငန်းစခန်းများနှင့် ငါးလုပ်ငန်းဦးစီးဌာန မွေးမြူရေးဌာနခွဲ(နေပြည်တော်) ဖုန်း- ၀၆၇-၄၀၈၄၇၆ နှင့်၀၆၇- ၄၁၈၅၃၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် ပြည်တွင်းငါးစားသုံးမှုတိုးတက်စေရေးနှင့် စားရေရိက္ခာဖူလုံစေရေး၊ ငါးမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနအောက်ရှိငါးလုပ်ငန်းစခန်း ၂၅ ခုမှ ငါးသားပေါက်များအား ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိသကဲ့သို့ ရေအရည်အသွေး တိုင်းတာစစ်ဆေးပေးခြင်း၊ ငါးရောဂါ ရှာဖွေစစ်ဆေးပေးခြင်းများကိုလည်း ဝန် ဆောင်မှုပေးလျက်ရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာနက သိရသည်။

**Source :** https://www.myawady.net.mm/

## ညှော့မထဆန် (ဟောင်း/သစ်) ဈေးကျ၍၊ ပေါ်ဆန်းမွှေး ဆန်(သစ်)၊ ဆန်ကွဲB(1,2)၊ ဆန်ကွဲB(2,3,4)နှင့် ဖွဲနုဈေးမြင့်တက်ကာ ပေါ်ဆန်းမွှေးဆန်(ဟောင်း)ဈေးတည်ငြိမ်လျက်ရှိ

ပဲခူးတိုင်းဒေသကြီးအနေဖြင့် ဆန်မျိုးစုံရောင်းဝယ်မှုအပိုင်းကဏ္ဍတွင် ကုန်ကြမ်းအနည်းအများ၊ ရန်ကုန်ဝယ်လက်နှင့် သုံးစွဲသူတို့၏ ဝယ်လိုအား အနည်းအများအပေါ်တွင် မူတည်၍ ဆန်နှင့်ဆန်ကွဲ၊ ဖွဲနုဈေးများ အတက်အကျ ဖြစ်ပေါ်လျက်ရှိပါသည်။

ပဲခူးကုန်စည်ဒိုင်အနေဖြင့် ဆန်မျိုးစုံအရောင်းအဝယ်ဖြစ်လျက်ရှိရာ ၂၁.၂.၂၀၂၅ ရက်တွင် ညှော့မထဆန် (မနေသုခ)(ဟောင်း) တစ်အိတ် ၈၅၀၀၀ ကျပ်၊ ညှော့မထဆန် (မနေသုခ) (သစ်)တစ်အိတ် ၇၅,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန်(ဟောင်း) တစ်အိတ် ၁၃၀,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေး ဆန်(သစ်)တစ်အိတ် ၁၁၀,၀၀၀ ကျပ်၊ ဆန်ကွဲB(1,2)တစ်အိတ် ၄၈,၀၀၀ ကျပ်၊ ဆန်ကွဲ B(2,3,4) တစ်အိတ် ၄၅,၀၀၀ ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၀,၇၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ် ဖြစ်ခဲ့ပါသည်။

၂၈.၂.၂၀၂၅ ရက်တွင် ညှော့မထဆန်(မနေသုခ)(ဟောင်း)တစ်အိတ် ၈၀,၀၀၀ ကျပ်၊ ညှော့မထဆန် (မနေသုခ) (သစ်) တစ်အိတ် ၇၀,၀၀၀ကျပ်၊ ပေါ်ဆန်းမွှေးဆန်(ဟောင်း) တစ်အိတ် ၁၃၀,၀၀၀ကျပ်၊ ပေါ်ဆန်းမွှေး ဆန်(သစ်)တစ်အိတ် ၁၂၀,၀၀၀ကျပ်၊ ဆန်ကွဲB(1,2)တစ်အိတ် ၅၂,၀၀၀ကျပ်၊ ဆန်ကွဲ B(2,3,4)တစ်အိတ် ၄၈,၀၀၀ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၁,၀၀၀ကျပ်တို့ဖြင့် အရောင်းအဝယ် ဖြစ်လျက် ရှိပါသည်။

ယခုတစ်ပတ် ကာလတူနှိုင်းယှဉ်ချက်အရ ညှော့မထဆန်(မနေသုခ)(ဟောင်း) တစ်အိတ်၅၀၀၀ ကျပ်၊ ညှော့မထဆန် (မနေသုခ) (သစ်)တစ်အိတ် ၅၀၀၀ကျပ် ဈေးကျ၍ ပေါ်ဆန်းမွှေး ဆန်(သစ်)တစ်အိတ် ၁၀၀၀၀ကျပ်၊ ဆန်ကွဲB(1,2)တစ်အိတ် ၄၀၀၀ကျပ်၊ ဆန်ကွဲB(2,3,4)တစ်အိတ် ၃၀၀၀ကျပ် နှင့် ဖွဲနုတစ်အိတ် ၃၀၀ကျပ် ဈေးတက်ကာ ပေါ်ဆန်းမွှေးဆန်ဈေးများ တည်ငြိမ်လျက်ရှိပါသည်။

ညှော့မထဆန် (မနေသုခ)(ဟောင်း)နှင့် ညှော့မထဆန် (မနေသုခ)(သစ်) ဈေးကျသွားခြင်း မှာ ကုန်ကြမ်းများကာ ဝယ်လိုအားနည်းခြင်းကြောင့် ဈေးကျဆင်းသွားခြင်းဖြစ်ပြီး ဆန်ကွဲB(1,2)၊ ဆန်ကွဲB(2,3,4)နှင့် ဖွဲနုတို့ ဈေးများမြင့်တက်သွားခြင်းမှာ အဝယ်လိုက်လာခြင်းတို့ ကြောင့်ဖြစ်ပါကြောင်း ပဲခူးကုန်စည်ဒိုင်ဥက္ကဋ္ဌထံက သိရသည်။

**Source : ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး**

https://myantrade.gov.mm/

## Alibaba Group သည် လာမည့် ၃ နှစ်အတွင်း cloud နှင့် AI အခြေခံအဆောက်အအုံအတွက် အမေရိကန်ဒေါ်လာ ၅၃ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်




Alibaba Group သည် လာမည့်သုံးနှစ်အတွင်း cloud နှင့် AI ဟာ့ဒ်ဝဲအခြေခံအဆောက် အအုံ တည်ဆောက်ရေးတွင် ယွမ်ငွေ ၃၈၀ ဘီလီယံ(အမေရိကန်ဒေါ်လာ ၅၃ ဘီလီယံခန့်)ကျော် ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၄ ရက်နေ့တွင် ကြေညာခဲ့သည်။

ရင်းနှီးမြှုပ်နှံမှုပမာဏသည် လွန်ခဲ့သည့်ဆယ်စုနှစ်များ အတွင်း Alibaba ၏ စုစုပေါင်း cloud နှင့် AI အသုံးစရိတ်ထက်ကျော်လွန်နေသည်။ထို့ပြင် ၎င်း သည် cloud နှင့် AI ဟာ့ဒ်ဝဲအခြေခံ အဆောက်အအုံတည်ဆောက်မှုတွင် ပုဂ္ဂလိကပိုင်တရုတ်ကုမ္ပဏီတစ်ခုမှ ပြုလုပ်ဖူးသည့် အကြီးဆုံး ရင်းနှီးမြှုပ်နှံမှုဖြစ်သည်။

ဖေဖော်ဝါရီ ၁၇ ရက်က တရုတ်နိုင်ငံ၏ ထိပ်တန်း ခေါင်းဆောင်များ တက်ရောက်ခဲ့သည့် ပုဂ္ဂလိကလုပ်ငန်းများဆိုင်ရာ စာတမ်းဖတ်ပွဲအပြီး နိုင်ငံ၏ တစ်ဟုန်ထိုးတိုးတက်လာသော AI နယ်ပယ်တွင် တိုးတက်မှုနှင့်အတူ အဆိုပါကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။ အားကောင်းသော AI တိုးတက်မှုသည် မျှော်မှန်းထားသည်ထက် များစွာကျော်လွန်သွားခဲ့ပြီး ပြည်တွင်းသိပ္ပံနှင့်နည်းပညာ နယ်ပယ်တွင် ကြီးမားသော အလားအလာကို ပြသခဲ့ကြောင်း Alibaba Group ၏ CEO ဖြစ်သူ Eddie Wu က ပြောကြားခဲ့သည်။

ကြီးမားသော ရင်းနှီးမြှုပ်နှံမှုသည် သက်ဆိုင်ရာလုပ်ငန်းများ၏ ယုံကြည်မှုကိုမြှင့်တင်ရန် မျှော်လင့်ပြီး အနာဂတ်တွင် ရင်းနှီးမြှုပ်နှံမှုအတွက် Alibaba ၏ မယိမ်းယိုင်သော ကတိကဝတ်ကို အလေးပေးကြောင်း Alibaba က ပြောကြားခဲ့သည်။ Alibaba Group သည် ၎င်း၏ ကြီးထွားလာနေသော cloud computing လုပ်ငန်းနှင့် AI ရင်းနှီးမြှုပ်နှံမှုများကြောင့် တစ်နှစ်ကျော် အတွင်း အလျင်မြန်ဆုံး သုံးလပတ်ဝင်ငွေတိုးတက်မှုကို ကြာသပတေးနေ့တွင် အတည်ပြုခဲ့သည်။ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့ ကုန်ဆုံးသည့် သုံးလပတ်အတွက် Alibaba ၏ ဝင်ငွေသည် ယွမ် ၂၈၀ ဒသမ၂၅ ဘီလီယံအထိ ၈ ရာခိုင်နှုန်း တိုးလာပြီး စျေးကွက်မျှော်မှန်းချက်ထက် ယွမ်ငွေ ၂၈၀ ဒသမ ၁၅ ဘီလီယံအထိ တိုးတက်လာခဲ့သည်။ ထူးခြားသည်မှာ ၎င်း၏ cloud computing လုပ်ငန်းမှ ဝင်ငွေသည် နှစ်နှစ်ကျော်အတွင်း အမြင့်ဆုံးတိုးတက်မှုဖြစ်ပြီး ယွမ် ၃၁ ဒသမ ၇၄ ဘီလီယံအထိ တစ်နှစ်ထက်တစ်နှစ် ၁၃ ရာခိုင်နှုန်းတက်လာခဲ့သည်။ အာရှတွင် ထိပ်တန်း cloud computing ကုမ္ပဏီ ဖြစ်သော Alibaba Cloud သည် ၎င်း၏ Qwen foundation model ၏ မျိုးဆက်လေးဆက်ဖြစ်သော စွမ်းဆောင်ရည်အကောင်းဆုံး open-source foundation model ဖြစ်သည်။

**Source : DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## ကင်ညာနိုင်ငံတွင် စားရေရိက္ခာ ဖူလုံမှုမရှိသူအရေအတွက် ၂ ဒသမ ၁၅ သန်းအထိမြင့်တက်



အာဖရိကဒေသရှိ နိုင်ငံတစ်နိုင်ငံဖြစ်သည့် ကင်ညာနိုင်ငံတွင် စားရေရိက္ခာဖူလုံမှုမရှိသူ အရေအတွက်သည် ယခုအခါ ၂ ဒသမ ၁၅ သန်း အထိ မြင့်တက်လာပြီဖြစ်ကြောင်း အမျိုးသားမိုးခေါင်ရေရှားမှု စီမံခန့်ခွဲရေးအဖွဲ့ (NDMA) က ထုတ်ပြန်ထားသည်။

နိုင်ငံအတွင်း၌ သာမန်ထက်မိုးရွာသွန်းမှု နည်းပါးခြင်း၊ ပြီးခဲ့သည့် စိုက်ပျိုးရာသီမှထိန်းသိမ်းထားသည့် သီးနှံမျိုးစေ့များ နည်းပါးခြင်း တို့ကြောင့် စားရေရိက္ခာဖူလုံမှုတွင် ကွာဟချက်များဖြစ်ပွားခဲ့ရပြီး အာဟာရချို့တဲ့မှုများကို ဖြစ်ပေါ်လာစေကြောင်း NDMA က ဖေဖော်ဝါရီလ ၂၈ ရက်တွင် ပြောသည်။

စားရေရိက္ခာဖူလုံမှုမရှိသည့် အခြေအနေများသည် ယခုနှစ် မတ်လနှင့် မေလတို့တွင် ပိုမိုဆိုးရွားလာနိုင်သည်ဟု ခန့်မှန်းရပြီး နိုင်ငံအတွင်းရှိ ခန့်မှန်းခြေအရ လူဦးရေ ၂ ဒသမ ၈ သန်းခန့်သည် ဆိုးရွားသည့် အစားအစာလိုအပ်မှုနှင့် ကြုံတွေ့လာနိုင်သည်ဟု NDMA က ထုတ်ပြန်သည့် အစီရင်ခံစာတစ်စောင်တွင် ဖော်ပြထားသည်။

ထို့ပြင် နိုင်ငံအတွင်း၌ မိုးရွာသွန်းမှုလျော့ကျခြင်းကြောင့် တိရစ္ဆာန်များအတွက် စားကျက်မြေရှားပါးခြင်းနှင့် စားကျက်မြေအတွက် ပိုမိုဝေးကွာသည့်ဒေသများသို့ တိရစ္ဆာန်များကိုခေါ်ဆောင်သွားရခြင်းတို့ကြောင့် အသားထုတ်လုပ်မှုကိုပါ လျော့ကျလာစေလျက်ရှိသည်။

အလားတူပင် ကင်ညာနိုင်ငံ၏နွားနို့ထုတ်လုပ်မှုမှာ ၂၅ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိလျော့ကျလာခြင်းကြောင့် နိုင်ငံအနောက်မြောက်ပိုင်းဒေသများတွင် နွားနို့ဈေးနှုန်းမှာ ပိုမိုမြင့်တက်လာလျက်ရှိသည်။

**Source :** https://www.myawady.net.mm/

# STOCK EXCHANGE (3.3.2025)

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 4th Mar. 2025

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,978 (Shares) | 26,268,750 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,200 | +0 | +0.00% | 7,200 | 7,200 | 7,200 | 1,679 | 12,088,800 | 33,109,694 | 238,390 |
| MTSH | 00002 | 3,000 | +50 | +1.69% | 2,950 | 3,000 | 2,950 | 1,328 | 3,920,100 | 38,929,150 | 116,788 |
| MCB | 00003 | 7,800 | -100 | -1.27% | 7,800 | 7,800 | 7,800 | 345 | 2,691,000 | 10,400,986 | 81,128 |
| FPB | 00004 | 1,800 | -50 | -2.70% | 1,850 | 1,850 | 1,750 | 2,295 | 4,083,850 | 29,664,613 | 53,396 |
| TMH | 00005 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 218 | 632,200 | 12,823,224 | 37,187 |
| EFR | 00006 | 1,600 | +0 | +0.00% | 1,600 | 1,600 | 1,600 | 538 | 860,800 | 19,977,223 | 31,964 |
| AMATA | 00007 | 4,000 | +0 | +0.00% | 3,950 | 4,000 | 3,950 | 205 | 810,000 | 10,497,598 | 41,990 |
| MAEX | 00008 | 3,200 | +0 | +0.00% | 3,150 | 3,200 | 3,150 | 370 | 1,182,000 | 23,804,946 | 76,176 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 4th Mar. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 358.94 | -0.30 | -0.08% | 358.61 | 358.94 | 357.12 | 6,978 | 26,268,750 | 8 | 677,019 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 4th Mar. 2025

| Trading Volume | Trading Value |
|---|---|
| 6,978 (Shares) | 26,268,750 (MMK) |

### Main Board

As of 1:00 pm, 4th Mar. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,978 (Shares) | 26,268,750 (MMK) |

| MYANPIX | 358.94 ▼ 0.30 |
|---|---|
| Total Volume (shares) | 6,978 |
| Total Value (MMK) | 26 mil |
| Listed Company | 8 |
| Market Cap. (MMK) | 677,019 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,200 | ▲ 0 |
| MTSH | 00002 | 3,000 | ▲ 50 |
| MCB | 00003 | 7,800 | ▼ 100 |
| FPB | 00004 | 1,800 | ▼ 50 |
| TMH | 00005 | 2,900 | ▲ 0 |
| EFR | 00006 | 1,600 | ▲ 0 |
| AMATA | 00007 | 4,000 | ▲ 0 |
| MAEX | 00008 | 3,200 | ▲ 0 |